အသံ

# “တစ်ဇုန်တစ်လမ်း” တွင်အဘယ်ကြောင့်ပါဝင်ကြသနည်း

၂၀၁၃ခုနှစ် တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတရှီကျင့်ဖိန်မှ “တစ်ဇုန်တစ်လမ်း” မဟာဗျူဟာစီမံကိန်းကို တင်ပြခဲ့သည်။ “တစ်ဇုန်တစ်လမ်း” ဆောက်လုပ်ရေးသည် အတူညှိနှိုင်း၊ အတူဆောက်လုပ်၊ အတူခံစားဟူသော မူဝါဒဖြင့်လုပ်ဆောင်သည်။ အဓိကပြောရလျှင် နိုင်ငံအသီးသီးသည် အတူညှိနှိုင်းမှုဖြင့် အတူဆောက်လုပ်မှုမှတဆင့် အတူအကျိုးခံစားကာ ပါဝင်သောနိုင်ငံအားလုံးမှာ အကျိုးတူတစ် ကိုယ်တည်းထု၊ တာဝန်တူတစ်ကိုယ်တည်းထုနှင့် ကံကြမ္မာတူတစ်ကိုယ်တည်း ထုဖြစ်စေခြင်းပင်ဖြစ်သည်။

ရှေးဦးစွာ ဖွံ့ဖြိုးတိုးတက်ရေးပုံကြမ်းကို အတူညှိနှိုင်းသည်။ တရုတ်နိုင်ငံသည် နိုင်ငံများစွာ၏ တူညီသော ဖွံ့ဖြိုးတိုးတက်ရေး အတွေးခေါ်ပန်းတိုင်နှင့် လမ်းကြောင်းကို တူညီပါသည်။ ထို့ကြောင့် “တစ်ဇုန်တစ်လမ်း”တင်ပြလိုက်ခြင်းဖြင့် တုံ့ပြန်မှုများစွာရရှိခဲ့ရာ နိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း (၁၀၀)ကျော်၏ တက်ကြွစွာ အားပေးထောက်ခံမှုများကို ရရှိခဲ့သည်။ နိုင်ငံအများသည် တရုတ်နိုင်ငံ၏ အောင်မြင်သော ဆောက်လုပ်ရေးအတွေ့အကြုံနှင့်ကြီးမားသော ဖွံ့ဖြိုးတိုးတက်မှု အင်အားဖြင့် မိမိနိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးပုံကြမ်းကို ပုံဖော်ဖြစ်မြောက်စေလိုကြခြင်းဖြစ်သည်။

ထို့နောက် အချင်းချင်းဆက်သွယ်ရေးကို အတူဆောက်လုပ်မည်။ အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးနှင့် အချင်းချင်း ချိတ်ဆက်ရေးသည် “တစ်ဇုန်တစ်လမ်း”၏ အားသာသောနယ်ပယ်ဖြစ်သည်။ “တစ်ဇုန်တစ်လမ်း”သည် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးစသည်တို့ဖြင့် နိုင်ငံအသီးသီး၏ စီးပွားတိုးမြှင့်ရေးကို တွန်းဆော်ပေးခြင်းဖြစ်သည်။ “တစ်ဇုန်တစ်လမ်း”ဆောက်လုပ်ရေး၏ အရှိန်မြှင့်တင်လာခြင်းဖြင့် Djakazta မှ Bandaung အရှိန်မြင့်သံလမ်း၊ (Budapestမှ Belqrade) သံလမ်းစသည့် စီမံကိန်းများလည်း လျင်မြန်စွာ ဆောက်လုပ်နေသည်။ ယခုအချိန်ကာလတွင် တရုတ်ဥရောပအကြား ရထားတွဲပေါင်း (၃၇၀၀)ကျော်ပြေးဆွဲနေပြီး တရုတ်နိုင်ငံ ရှိုးအမ်းစသည့်မြို့ (၅)ခုမှ ဥရောပတိုက် နိုင်ငံ (၁၁)ခုထံ ပြေးဆွဲနေလျက်ရှိပါသည်။ တရုတ်နိုင်ငံသည် လမ်းတစ်လျှောက်နိုင်ငံများနှင့် သယ်ပို့ရေး သဘောတူစာချုပ်ပေါင်း(၁၃၀)ကျော်ကို လက်မှတ်ရေးထိုးခဲ့ပြီး ဂိတ်ပေါင်း(၇၃)ခုမှ နိုင်ငံတကာ သယ်ပို့လမ်းကြောင်း(၃၅၆)ခုကို ဖွင့်လှစ်ခဲ့ပြီး နိုင်ငံပေါင်း(၄၃)ခုနှင့် လေကြောင်းလိုင်းတိုက်ရိုက်ရှိကာ တစ်ပတ်လျှင် လေကြောင်းလိုင်းပေါင်း(၄၂၀၀)ကြောင်းရှိနေပါသည်။

နောက်တစ်ခုမှာ-ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးနှင့်ရလဒ်ကို အတူခံစားကြမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် “တစ်ဇုန်တစ်လမ်း”တစ်လျှောက်နိုင်ငံများနှင့် ကုန်သွယ် ပူးပေါင်းဆောင်ရွက်ရေးဇုန် ဆောက်လုပ်ခြင်း စသည့်နည်းလမ်းများဖြင့် လမ်းတစ်လျှောက်နိုင်ငံများ၏ လုပ်ငန်းလိုင်းအားလုံးဖွံ့ဖြိုးတိုးတက်မှုကို ဆွဲငင်လာနိုင်ခဲ့သည်။ ယင်းတို့၏ ကမ္ဘာ့တန်ဖိုးလိုင်းအတွင်း၏ တည်နေရာကို မြှင့်တင်နိုင်ခဲ့ခြင်းဖြင့် “တစ်ဇုန်တစ်လမ်း”တစ်လျှောက် နိုင်ငံများ အတူဖွံ့ဖြိုးတိုးတက်၊ အတူဆောက်လုပ်၊ အတူအကျိုးခံစားသော ပုံရိပ်ကို ဖော်ပြနိုင်ခဲ့သည်။

အတူညှိနှိုင်း၊ အတူဆောက်လုပ်၊ အတူ အကျိုးခံစားခြင်းသည် “တစ်ဇုန်တစ်လမ်း”အတွက် ခွန်အားများစွာထည့်သွင်းပေးခဲ့ရာ လမ်းတစ်လျှောက်နိုင်ငံအသီးသီး၏ စီးပွားရေးကိုဖွံ့ဖြိုးတိုးတက်အောင် တွန်းဆော်နိုင်မည်ဖြစ်သည်။ “တစ်ဇုန်တစ်လမ်း” ဆောက်လုပ်ရေး၏ တွန်းဆော်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုရလဒ်များသည်လမ်းတစ်လျှောက်တွင် ပြန့်နှံ့နေပြီး ပါဝင်သူများမှာလည်း ကမ္ဘာအနှံ့ရောက်ရှိနေမည်ကို မျှော်မှန်းနိုင်ပါသည်။

**လျောရင်း (စာရေးသူသည်တရုတ်နိုင်ငံပြည်သူ့တက္ကသိုလ် ချုံရန်ငွေကြေးစီးပွားရေးသုတေသနအကယ်ဒမီ၏ သုတေသီဖြစ်သည်။)**

# ပထမအကြိမ် တရုတ်မြန်မာTHINK TANKအဆင့်မြင့်ဖိုရမ်ကို တယ်ဟုန်ပြည်နယ်ခွဲမန်စီမြို့တွင်ကျင်းပ



တရုတ်မြန်မာသုတေသနပညာရပ်ဖလှယ်ရေးကို ပိုမိုခိုင်မာစေပြီး ပြည်အကြား ပိုမိုသဘောပေါက်နားလည်စေကာ တရုတ်မြန်မာပူးပေါင်းဆောင်ရွက်ရေးကို နက်ရှိုင်းစေရန်အတွက် ယူနန်ပြည်နယ်လူမှုရေးသိပ္ပံအကယ်ဒမီ၊ တရုတ်(ကူမင်း) တောင်အာရှအရှေ့တောင်အာရှ သုတေသနအကယ်ဒမီ၊ တရုတ်ကွန်မြူနစ်ပါတီ တယ်ဟုန်ပြည်နယ်ခွဲပါတီကော်မတီ၊ တယ်ဟုန်ပြည်နယ်ခွဲပြည်သူ့အစိုးရ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာပြဿနာ သုတေသနစခန်းမှ ဦးဆောင်ကျင်းပပြီး တရုတ်(ကူမင်း) တောင်အာရှအရှေ့တောင်အာရှသုတေသနအကယ်ဒမီ မြန်မာနိုင်ငံသုတေသနစခန်း၊ တယ်ဟုန်ပြည်နယ်ခွဲလူမှုရေးသိပ္ပံ အသိုင်းအဝိုင်းအသင်း၊ တယ်ဟုန်တရုတ်မြန်မာ ဆက်ဆံရေးသုတေသနစခန်းမှ အထောက်အကူပြုကျင်းပသော “ပထမအကြိမ် တရုတ်မြန်မာTHINK TANKအဆင့်မြင့်ဖိုရမ်”ကို ၂၀၁၇ခုနှစ် မေလ(၈)မှ (၁၁)နေ့အထိ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲမန်စီမြို့တွင် ကျင်းပခဲ့သည်။ ယခုအကြိမ်ဖိုရမ်၏ အဓိကခေါင်းစဉ်သည် “ပြည်သူ့စိတ်ချင်းနီးစပ်စေခြင်း၊ တရုတ်မြန်မာပူးပေါင်းဆောင်ရွက်ရေး”ဟူ၍ဖြစ်သည်။

တရုတ်မြန်မာနှစ်နိုင်ငံသည် တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိနေပြီး နက်ရှိုင်းသော ပေါက်ဖော်မေတ္တာရှိပါသည်။ သံတမန်ဆက်ဆံရေး (၆၇)နှစ်တည်ထောင်လာသော နှစ်နိုင်ငံဆက်ဆံရေးမှာကောင်းမွန်သည်။ သမိုင်းကြောင်းအသစ်အခြေအနေအောက်တွင် တရုတ်မြန်မာချစ်ကြည် ပူးပေါင်းဆောင်ရွက်ဆက်ဆံရေးသည် ဘက်စုံမဟာဗျူဟာပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဖြစ်သို့ ထပ်မံမြှင့်တင်လာနေပြီဖြစ်သည်။ ပိုမိုရှုပ်ထွေးလာသော နိုင်ငံတကာအခြေအနေကို ရင်ဆိုင်ရာတွင် တရုတ်မြန်မာ ဘက်စုံမဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးကို အဆင့်များစွာဖြင့် ဆက်လက်နက်ရှိုင်းစေကာ နှစ်ဦးနှစ်ဖက်ယုံကြည်မှုကိုတိုးမြှင့်ပြီး ပြည်သူချင်းစိတ်ချင်းဆက်ရေးကို ပိုမိုတွန်းဆော်ကာ တရုတ်မြန်မာပူးပေါင်းဆောင်ရွက်ရေးကိုနက်ရှိုင်းစေသည်။ သမိုင်းရေစီးကြောင်း၏ ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းနှင့် လိုက်ဖက်ပြီး နှစ်နိုင်ငံပြည်သူလူထု၏ အကျိုးအမြတ်နှင့် မျှော်မှန်းချက်နှင့်လည်းကိုက်ညီပါသည်။

တယ်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ၊ ပြည်နယ်ခွဲအစိုးရမှ သတင်းအရ မြန်မာနိုင်ငံမှ သက်ဆိုင်ရာTHINK TANK၊ မီဒီယာလုပ်ငန်း၊ မြန်မာတရုတ်ချစ်ကြည်ရေးအဖွဲ့၊ ကူမင်းအခြေစိုက် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ဧည့်သည်များနှင့် တရုတ်နိုင်ငံလူမှုရေးသိပ္ပံအကယ်ဒမီ၊ ပေကျင်းတက္ကသိုလ်၊ တရုတ်နိုင်ငံ နိုင်ငံတကာပြဿနာ သုတေသနအကယ်ဒမီ၊ တရုတ်နိုင်ငံယခုခေတ်နိုင်ငံတကာဆက်ဆံရေးသုတေသန အကယ်ဒမီ၊ ပြည်ပဆက်ဆံရေးကျောင်းအကယ်ဒမီ၊ ဇူတန့်တက္ကသိုလ်၊ ကွန်ရှီးလူမှုရေးသိပ္ပံအကယ်ဒမီ၊ ကွန်ရှီးတက္ကသိုလ်၊ ယူနန်တက္ကသိုလ်၊ ယူနန်စီးပွားရေးတက္ကသိုလ်၊ ယူနန်ဆရာနည်းပြတက္ကသိုလ်၊ ယူနန်ပြည်နယ်စိုက်ပျိုးရေးသိပ္ပံအကယ်ဒမီ၊ ယူနန်အနုပညာကျောင်းကောလိပ်၊ ယူနန်ပြည်နယ်အင်ဂျင်နီယာသတင်းစုံစမ်းရေးစင်တာစသည့် အဖွဲ့အစည်းနှင့် ဌာနများမှ ကျွမ်းကျင်ပညာရှင်များစွာသည် တရုတ်မြန်မာနှစ်နိုင်ငံ ချစ်ကြည်စွာ ဆက်ဆံသွားလာရေးများနှင့် သက်ဆိုင်သည့် ပြဿနာများအပေါ် သုတေသနပြုခြင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ဖိုရမ်သည် အဆင့်များစွာသော အပြန်အလှန်စကားပြောဖလှယ်ခြင်းဖြင့် တရုတ်မြန်မာရိုးရာချစ်ကြည်ရေးကို မြှင့်တင်ကာတရုတ်မြန်မာ “ပေါက်ဖော်”မေတ္တာကို တိုးမြှင့်စေသည်။ နှစ်ဦးနှစ်ဖက် မဟာဗျူဟာအပြန်အလှန်ယုံကြည်ရေးကို ခိုင်မာစေပြီး တရုတ်မြန်မာချစ်ကြည်စွာဆက်ဆံသွားလာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုတွန်းဆော်ပေးသည်။

တရုတ်မြန်မာနှစ်ဖက်ညှိနှိုင်းခြင်းဖြင့် အဆိုပါဖိုရမ်ကို နှစ်နိုင်ငံအလှည့်ကျကျင်းပသွားမည် ဖြစ်သည်။

**သတင်းထောက် - ရန်လီ**

